## 18.ဌာန - International College

သင်တန်းအမည် - Bachelor of Science Program in Applied Mathematics (International Program)

ပေးအပ်မည့်ဘွဲ့ - Bachelor of Science (Applied Mathematics)

သင်တန်းကြာချိန် - ၄ နှစ်

ဘွဲ့ရရှိပြီးနောက်ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများ

1. စီးပွါးရေးနှင့်ပညာရေးကဏ္ဍများ၏ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင် လုပ်ကိုင်နိုင်ခြင်း။
2. အာမခံလုပ်ငန်းများတွင် အာမခံ စာရင်းအင်း သို့မဟုတ် အာမခံအရောင်းကိုယ်စားလှယ်များအဖြစ် လုပ်ကိုင် နိုင်ခြင်း။
3. လုပ်ငန်းတစ်ခု၏ ဆုံးဖြတ်ချက်ချခြင်း သို့မဟုတ် စွန့်စားသုံးသပ်မှုအပိုင်းတွင်လုပ်ကိုင်နိုင်ခြင်း။
4. စာရင်းအင်းပညာရှင်များနှင့် စီမံကိန်းရေးဆွဲသူအဖြစ် အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများတွင် လုပ်ကိုင်နိုင်ခြင်း။
5. E-commerce ကုမ္ပဏီများတွင် ဒေတာသုံးသပ်သူများအဖြစ်လုပ်ကိုင်နိုင်ခြင်း

သင်ယူရရှိမှုရလဒ်များ (PLOs)

PLO1 - differential, integral နှင့် multivariable calculus အပြင် အခြေခံသင်တန်းများတွင် မိတ်ဆက်ထားသော sets, functions, equations, vectors, matrices, and groups များကို သဘောတရားနည်းလည်မှုနှင့် အခြေခံ အသိပညာများ ရယူနိုင်ရန်။

PLO2 - သင်္ချာ၏မတူညီသောကဏ္ဍများတွင် အသိပညာနှင့်သင်္ချာနည်းဆိုင်ရာ တွက်နည်းအဆင့်များကို အသုံးချ၍ ပြဿနာများဖြေရှင်းနိုင်ရန်။

PLO3 - လွတ်လပ်သောသင်ယူမှုတစ်ခုဖြစ်အောင် သိလိုစိတ်နှင့်ခိုင်မာသောသဘောသဘာဝရှိကြောင်း ပြသနိုင်ရန်။

PLO4 - သင်္ချာဆိုင်ရာ တွေးခေါ်မှုစွမ်းရည်၊ သင်္ချာ၏ လုပ်ထုံးလုပ်နည်းနှင့် တွက်ချက်မှုဆိုင်ရာ နားလည်မှုမှ တိုးတက် မှုယုတ္တိဗေဒဆိုင်ရာ ကျိုးကြောင်းဆင်ခြင်မှု၊ အသိအမှတ်ပြုမှု၊ ယေဘုယျသတ်မှတ်မှု ၊ စိတ်ဝင်စားမှုနှင့် တရားဝင် သက်သေများအဖြစ်ဖော်ပြနိုင်ရန်။

PLO5 - သိပ္ပံနည်းကျသဘောတရားများကို ကျင့်သုံး၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များနှင့် တာဝန် ဝတ္တရားများ၊ စံနှုန်းများကို လိုက်နာနိုင်ရန်။

PLO6 - သင့်လျော်သောအရေးအသားများဖြင့် သင်္ချာအကြောင်းအရာများကို တိကျရှင်းလင်းစွာ စကားပြောအနေ ဖြင့်သော်လည်းကောင်း စာအရေးအသားဖြင့်သော်လည်းကောင်း ဆက်သွယ်နိုင်ရန်။

PLO7 - သင်္ချာအကြောင်းအရာများဆန်းစစ်လေ့လာခြင်းနှင့်ပြဿနာဖြေရှင်းရာတွင် သင်္ချာကိန်းဂဏန်းများ၏ အသုံး ပြုပုံ ၊အသုံးပြုပုံနည်းလမ်းများ၏ကျွမ်းကျင်မှုများရရှိနိုင်ရန်။